# ACC Against COVID-19




## အစီအစဉ် (၅၃)

## “ဘေရွတ်(Beirut) ပေါက်ကွဲမှု သို့မဟုတ် အဂတိ ချိန်ကိုက်ဗုံး”

တင်ပြသူ
ဦးလင်းဝေအောင်

လက်ဘနွန်နိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သော
ဘေရွတ်မြို့တွင် ဩဂုတ်လ၄ ရက်နေ့၌
ကြောက်မက်ဖွယ် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး
အနည်းဆုံး ၁၅၄ ဦး သေဆုံးခဲ့ပါတယ်၊
လူပေါင်း ၅၀၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး
သုံးသိန်းနီးပါး အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ရပါတယ်၊
အဆိုပါဖြစ်စဉ် ဖြစ်ပွားရခြင်းမှာ
အစိုးရတာဝန်ရှိသူများ၏ ပေါ့ဆမှု၊ အဂတိ လိုက်စားမှုနှင့်
အရည်အချင်းမပြည့်ဝမှုတို့ကြောင့် ဖြစ်ပွားရသည်ဟု
ပြည်သူလူထုမှ
သံသယ ဖြစ်ပွားလျက် ရှိပါတယ်။



TRANSPARENCY INTERNATIONAL
the global coalition against corruption

လက်ဘနွန်နိုင်ငံ၌ အများပြည်သူဆိုင်ရာကဏ္ဍ
အဂတိလိုက်စားမှုကြောင့် တစ်နှစ်ထက် တစ်နှစ်
အဂတိလိုက်စားမှု အညွှန်းကိန်း ရမှတ်များ ကျဆင်းလျက်ရှိပြီး
၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့မှ
ထုတ်ပြန်သည့် အဂတိလိုက်စားမှု အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက်
အဆင့် ၁၃၇ ရရှိကြောင်း တွေ့ရှိရပါတယ်။ အရှေ့အလယ်ပိုင်းနှင့်
အာဖရိကမြောက်ပိုင်းတွင် လက်ဘနွန်နိုင်ငံသည် လာဘ်ပေးလာဘ်ယူမှုတွင်
၄၁ ရာခိုင်နှုန်းအထိ အမြင့်ဆုံး ဖြစ်ပွားနေသည့် နိုင်ငံဖြစ်ပြီး
လက်ဘနွန်ရှိ ပြည်သူအများစု (၈၇ ရာခိုင်နှုန်း)က
၎င်းတို့၏ အစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို
ကောင်းမွန်စွာ လုပ်ဆောင်နိုင်မှု မရှိဟု ယူဆကြပါတယ်။

လက်ဘနွန်နိုင်ငံ၌ အဂတိလိုက်စားမှုနှင့် ထိရောက်မှု
မရှိသော အုပ်ချုပ်ရေးစနစ်များကြောင့် အစိုးရ
အပေါ်တွင် အများပြည်သူ၏ ယုံကြည်မှု
ပျက်ပြားခဲ့ရပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလ
ကတည်းက ဆန့်ကျင်ဆန္ဒပြမှုများကို
တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။ ယခုဖြစ်ပွားသည့်
ကြောက်မက်ဖွယ် ဖြစ်ရပ်ဆိုးကြောင့် လမ်းပေါ်မှာ
ဆန္ဒပြမှုတွေ ဆက်တိုက် ဖြစ်ပွားခဲ့ပြီး
ဩဂုတ်လ ၉ ရက်နေ့တွင် အစိုးရနုတ်ထွက်ကြောင်း
ကြေညာခဲ့ရသည်အထိ လူထု၏ယုံကြည်မှု
ပျက်ပြားခဲ့ရကြောင်း တွေ့ရှိ ရပါတယ်။







ဝန်ကြီးချုပ်ဟာဆန်ဒီယပ်က အစိုးရနုတ်ထွက်တဲ့အကြောင်းကို နိုင်ငံပိုင်သတင်းစာကနေ ကြေညာခဲ့ပါတယ်။
ဝန်ကြီးချုပ်ဟာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်၍ ရာထူးတာဝန် စတင်ထမ်းဆောင်ခဲ့ပြီး
၎င်းရဲ့အစိုးရအဖွဲ့ဟာ တိုင်းပြည်ကို မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်ရှိဖို့ ကြိုးပမ်းခဲ့ပေမယ့်
လက်ဘနွန်နိုင်ငံအတွင်းမှာ အဂတိလိုက်စားမှုသည် နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့ကြောင်း
ပြောကြားခဲ့ပါတယ်။



သမ္မတ မစ်ချယ်လ်အောင်ရွန်က ဘေရွတ်ဆိပ်ကမ်းတွင်
ခြောက်နှစ်ဝန်းကျင် ကြာမြင့်သည်အထိ
စုပုံသိုလှောင်ထားသော
အမိုနီယမ်နိုက်ထရိတ်ဓာတ်ပစ္စည်း တန်ချိန်၂၇၅၀ကို
မတော်တဆ မီးကူးစက်ရာမှ ပေါက်ကွဲခဲ့ခြင်းဟု
ကြေညာခဲ့ပါတယ်။ ပေါက်ကွဲအား ပြင်းထန်လွန်းသည့်
ထိုဓာတ်ပစ္စည်းများကို ဆိပ်ကမ်းရှိ ဂိုဒေါင်တစ်ခုထဲတွင်
သတ်မှတ်စံချိန်စံနှုန်းများနှင့် မညီဘဲ
ခြောက်နှစ်ကြာ သိုလှောင်ထားသည့်အတွက်
ဆိပ်ကမ်းတာဝန်ရှိသူများကို
အစိုးရနှင့် အာဏာပိုင်များက အပြစ်ပုံချကြပါတယ်။

Donate For Lebanon

ဘေရွတ်ပေါက်ကွဲမှုကြီးအပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ အကူအညီအထောက်အပံ့များ ပေးပို့လာကြပါတယ်။
ပြင်သစ်သမ္မတကိုယ်တိုင် လာရောက်ပြီး ဘေရွတ်ဆိပ်ကမ်းကို သွားရောက်စစ်ဆေးခဲ့ပါတယ်။
ဘေရွတ်မြို့ခံများက လက်ဘန္နန်အစိုးရကို အကူအညီမပေးရန် အဂတိ ထူပြောလွန်းသည့် လက်ရှိအစိုးရကို
ပြုတ်ကျသွားအောင် ဖိအားပေးရန် ဝိုင်းဝန်းတောင်းဆိုခဲ့ကြပါတယ်။
အစိုးရသည် ယခု ဖြစ်ရပ်ဆိုးကြီးအပေါ် အပြည့်အဝတာဝန်ခံထိုက်ကြောင်း
ပြည်သူများက ဆန္ဒပြဝေဖန်ကြပါတယ်။

ပြင်သစ်သမ္မတကမူ လက်ဘနွန်အစိုးရကို
အကူအညီများပေးပို့မည်ဟု ပြောကြားပြီး
အဆိုပါ အကူအညီများသည်
အဂတိလိုက်စားသည့် အာဏာပိုင်များ
လက်ထဲသို့ လုံးဝမရောက်စေရဟု
အခိုင်အမာ ကတိပြုခဲ့ပါတယ်။
တစ်ဖက်တွင် လက်ဘနွန်အစိုးရသည်လည်း
ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပီပြင်စွာ
အကောင်အထည်ဖော်ရန် လိုအပ်နေပြီဟု
ပြင်သစ်သမ္မတက သတိပေးခဲ့ပါတယ်။




အစိုးရက ဆိပ်ကမ်းနှင့်အကောက်ခွန်အရာရှိများသည်
ပေါက်ကွဲမှုကြီးအတွက် အဓိက တာဝန်ရှိသူဟု
လက်ညှိုးထိုးလိုသော်လည်း ဆိပ်ကမ်းမန်နေဂျာနှင့်
အခြားပုဂ္ဂိုလ်များက အစိုးရထံ ယင်းပစ္စည်းများကို
ရွှေ့ပြောင်းရန် အကြိမ်ကြိမ် အစီရင်ခံ
အကြောင်းကြားထားသည့်မှတ်တမ်းများက
Onlineတွင် ပေါက်ကြားလာသောကြောင့်
အာဏာပိုင်များ၏ ဖုံးကွယ်မှုသည် ဆင်သေကို
ဆိတ်သားရေနှင့် ဖုံးသည့်နှယ် ဖြစ်လာပါတယ်။
ယခု ဖြစ်ရပ်ဆိုးကြီးအပြီးတွင် အဂတိကိစ္စအပြင်
ပေါ့လျော့မှု၊တာဝန်ယူမှု၊ တာဝန်ခံမှု၊
ပျက်ယွင်းမှုများကို  ပြည်သူများက ပိုမို၍
မီးမောင်းထိုးဆန့်ကျင်လာပါတယ်။





ပေါက်ကွဲမှုကြီးအတွင်း ဘေရွတ်၌ လူနေအဆောက်အအုံများအပြင် ဆေးရုံများပါ အကြီးအကျယ် ပျက်စီးခဲ့ပါတယ်။ ထိုအခြေအနေက COVID- 19 ရောဂါ မပြန့်ပွားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုပါ အကျပ်ရိုက်သွားစေပါတယ်။ လက်ဘနွန်နိုင်ငံမှာ အတိမ်းအစောင်း မခံနိုင်တဲ့ အခြေအနေမျိုးမှာ ဒီပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ COVID-19 ရောဂါ ကူးစက်မှုတွေ ဖြစ်ပွားနေသည့်အတွက် ဆေးရုံတွေမှာ လူနာတွေနဲ့ မနိုင်မနင်းဖြစ်နေပါတယ်။ အခုတစ်ခါ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရထားတဲ့ လူနာထောင်ပေါင်းများစွာကို ကုပေးရမယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

လက်ဘနွန်နိုင်ငံဟာ စီးပွားရေးအကျပ်အတည်းနဲ့လည်း ရင်ဆိုင်နေရတာပါ။ အဆောက်အအုံတွေ၊ အိမ်တွေအတော်များများဟာ မှန်ကွဲတွေ၊ အပျက်အစီးပုံတွေကြားမှာ လူနေလို့မရတော့လောက်အောင် ပျက်စီးသွားခဲ့တဲ့အတွက် အဲ့ဒီနေရာက လူအများအပြား အိုးမဲ့အိမ်မဲ့ ဖြစ်ကုန်ကြပါတယ်။ အစိုးရ၏ အုပ်ချုပ်ရေးစနစ်ကို မိမိတို့လက်မခံနိုင်တော့ကြောင်း၊ စနစ်တစ်ခုလုံးကို ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း ဒေါသထွက်နေသော ပြည်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။





လက်ဘန္ဒန်နိုင်ငံရေးလောကကို အထက်တန်းလွှာတွေ ကြီးစိုးတဲ့ အစိုးရက
နှစ်ပေါင်းများစွာလွှမ်းမိုးထားပြီး နိုင်ငံရဲ့ ပြဿနာအကျပ်အတည်းတွေကို ဖြေရှင်းဖို့
ပြင်ဆင်ပြောင်းလဲမှုတွေ လုပ်ရမယ့်အစား သူတို့ဟာ သူတို့ ချမ်းသာသထက်
ချမ်းသာအောင် လုပ်နေကြတယ်လို့ ပြည်သူအတော်များများက
ပြစ်တင်ဝေဖန်နေကြပြီး လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးပြဿနာများကို ပြင်းထန်စွာ ကြုံတွေ့နေရပါတယ်။







အချုပ်အားဖြင့်ဆိုရလျှင် လက်ဘနွန် အရေးအခင်းကိစ္စတွင် နှစ်ရှည်လများ အမြစ်တွယ်နေသည့် အဂတိလိုက်စားမှု (Systemic Corruption)၏ ဆိုးကျိုးများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။ လက်ဘနွန်နိုင်ငံ၏ လက်ရှိအာဏာရ အစိုးရမှာလည်း နုတ်ထွက်ကြောင်း ကြေညာရသည်အထိ နိုင်ငံရေးအခြေအနေမှာ ယိမ်းယိုင်ခဲ့ရပါတယ်။ လက်ဘနွန်နိုင်ငံ၌ အမြစ်တွယ်နေခဲ့သည့် အဂတိလိုက်စားမှု၊ ထိရောက်မှု မရှိသော အုပ်ချုပ်ရေးစနစ်များနှင့် ယခုဖြစ်ပွားခဲ့သော တုန်လှုပ်ဖွယ်ရာ ပေါက်ကွဲမှုကြီးကြောင့် အစိုးရအပေါ် အများပြည်သူ၏ ယုံကြည်မှုမှာလည်း ပျက်စီးသွားကြောင်း မြင်တွေ့ရပါတယ်။ COVID- 19 ကပ်ရောဂါကာလတွင် ဖြစ်ပွားခဲ့ခြင်းမှာလည်း လက်ဘနွန်နိုင်ငံအဖို့ တစ်ပူပေါ်တစ်ပူဆင့် (Double Burden) ဖြစ်စေခဲ့ပါတယ်။




ပြည်သူလူထု၏ ကြွေးမြီထူပြောပြီး စီးပွားရေး ကျဆင်းလျှက်ရှိသော၊ ငွေကြေးဖောင်းပွမှုနှင့်
ကုန်စျေးနှုန်းများ ကြီးမြင့်သော လက်ဘနွန်နိုင်ငံအနေဖြင့် Failed State အဖြစ်သို့ပင်
ရောက်ရှိသွားစေနိုင်ပါတယ်။ အချုပ်အားဖြင့်ဆိုသော် အဂတိလိုက်စားမှုကြောင့် နိုင်ငံရေးအရ ကျရှုံးခြင်း၊
ပြည်သူနှင့် အစိုးရကြားရှိ အရေးပါဆုံးဖြစ်သည့် “ယုံကြည်မှု” ပျက်စီးခြင်း၊ လူမှုစီးပွားဘဝများ (Socio-
Economic) ပြိုကွဲခြင်း၊ နိုင်ငံရေး အခင်းအကျင်းများ ပြောင်းလဲခြင်းနှင့် ပြည်သူများ၏ ဆင်းရဲတွင်းကို
ပိုမိုနက်ရှိုင်းစေခြင်းကို ဖြစ်ပေါ်စေသည်မှာ ငြင်းပယ်၍ မရနိုင်ကြောင်း အကောင်းဆုံး
သင်ခန်းစာယူစရာသာဓကပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။